ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်



သက္ကေကျေးရွာအုပ်စု၊သက္ကောကျေးရွာ

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ..... 5

၂။ ..... 6

၃။ ကမနင်းကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ..... 7

၄။ ကျေးရွာအခြေခံအချက်အလက်များ ..... 7

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ..... 8

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ..... 10

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..... 18

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ..... 20

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ..... **Error! Bookmark not defined.**

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ..... **Error! Bookmark not defined.**

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ..... **Error! Bookmark not defined.**

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ..... **Error! Bookmark not defined.**

၁၃။ အစည်းအဝေးမှတ်တမ်းများ ..... **Error! Bookmark not defined.**

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့် အခက်အခဲအတားအဆီးများ ..... 21

၁၅။ ကျေးရွာမှ နောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ..... 22

၁၆။ ကျေးရွာမှ အဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်ကူပြုသင်တန်းများ ..... 22

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Chaungzon
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair (GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ သက္ကောကျေးရွာတည်နေရာပြမြေပုံ



## ၃။ သက္ကောကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| သက္ကောကျေးရွာအုပ်စု | သက္ကောကျေးရွာ |
| | ကွမ်လမိုင်းကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - သက္ကော

ကျေးရွာအုပ်စုအမည် - သက္ကော ကျေးရွာအုပ်စု

လူဦးရေ - ကျား -၂၂၂၄ ၊မ - ၂၂၄၇၊ စုစုပေါင်း (၄၄၇၁) ဦး

အိမ်ထောင်စု - ၇၆၀ စု

တိုင်းရင်းသားလူမျိုးစု - မွန် (၇၆၀)

အခြား

ပညာရေးအဆောက်အဦး - မူလတန်းကျောင်း၊အထက်တန်းကျောင်း

လူမှုရေးအဆောက်အဦး - စေတီ၊ ဘုန်းကြီးကျောင်း၊

အဓိကစီးပွားရေးလုပ်ငန်း - ရော်ဘာခြံလုပ်ငန်း၊ လယ်ယာလုပ်ငန်း

ကျေးရွာ၏ထူးခြားသည့် ဝိသေသ - ဘာသာမတူ၊ လူမျိုးမတူ သူများအတူတကွနေထိုင်ကြသည်။

ကျေးရွာထွက်ကုန်များ - ရော်ဘာ၊ ဆန်/စပါး

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 19.10.2017 | ကျေးရွာလူထု | 38 | 36 | 74 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၄င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကိုဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက် လုပ်ရန်လိုအပ်ချက်များကိုဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 19.10.2017 | ကျေးရွာလူထု | 38 | 36 | 74 | - ကျေးရွာအတွင်းနေထိုင်သူအိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများကိုဆွေးနွေးသုံးသပ်ခြင်း ။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကိုရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 19.10.2017 | ကျေးရွာလူထု | 38 | 36 | 74 | - ကျေးရွာအတွင်းနေထိုင်သူများတစ်နှစ်ပတ်လုံးအတိုင်းအတာအတွင်းရာသီအလိုက် လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု အပြောင်းအလဲများကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်းတစ်နှစ်ပတ်လုံးအတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် မတူညီသည့် အခက်အခဲများကိုဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 20.10.2017 | ကျေးရွာလူထု | 38 | 37 | 75 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကိုလုပ်ဆောင်နေသည့် ရွာအတွင်းရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုချိတ်ဆက် လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 20.10.2017 | ကျေးရွာလူထု | 38 | 37 | 75 | - ကျေးရွာအတွင်းရှိအမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | 20.10.2017 | ကျေးရွာလူထု | 38 | 37 | 75 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည့် လိုအပ်ချက် များ၊ အခက်အခဲများ၊ ပြဿနာများအားအကြောင်း၊ အကျိုးဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာသစ်ပင်နည်းလမ်းအားအသုံးပြု၍ဆွေးနွေးခြင်း။ |


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးအစီအစဉ်ပြ ဇယား (Metric Ranking) | 20.10.2017 | ကျေးရွာလူထု | 38 | 37 | 75 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိကြုံတွေ့နေရသည့်အခက်အခဲ၊ ပြဿနာများ မှ နောင်လာမည့် (၅) နှစ်အတွင်းမိမိတို့ကျေးရွာများတွင် ဖွံ့ဖြိုးလာမည့်အသီးအပွင့်များကိုမိမိတို့ ကိုယ်တိုင် သိမြင်လာစေရန်နှင့် ကြိုတင်အစီအစဉ်ချ ရေးဆွဲ၍ ဦးစားပေးအစီအစဉ် အလိုက်လုပ်ဆောင်နိုင်ရန် (အနာဂတ်ရုပ်ပုံ) ဆွေးနွေးခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ လူမှုရေးအရင်းအမြစ်ပြမြေပုံ




## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြပန်ကားချပ်




## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း

| အမျိုးအစား | စံ သတ် မှတ် ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| A | တိုက်အိမ်၊ ဆိုင်ကယ်၊ TV၊ ရာဘာခြံ၊ ကြက်မွေးမြူရေး၊ လယ် | 10 | 8.1 % |
| B | သစ်သားအိမ်၊ ဆိုင်ကယ်၊ ဖက်အိမ်၊ ရာဘာခြံ (အနည်းငယ်) ဈေးရောင်း၊ လယ် (အနည်းငယ်) | 30 | 24.4 % |
| C | ကျပန်း၊ ပန်းရံ၊ ဝါးအိမ်၊ ထရံကာဓနိမိုးအိမ်၊ မြေယာမဲ့ | 83 | 67.5 % |




ကျေးရွာတွင်အိမ်ထောင်စု (၁၂၃၇) စုကျော်ရှိသည့်အနက် အိမ်ထောင်စု (၁၀၀) စုခန့်သာ ငွေကြေးအတော်သင့်ပြည့်စုံ၍ တိုက်အိမ်၊ ဆိုင်ကယ်၊ လယ်ယာမြေ၊ ကြက်မွေးမြူရေး၊ ဟင်းသီးဟင်းရွက်ခြံ၊ ကား အသရှိသည်တို့ကို ပိုင်ဆိုင်ကြပြီး နေအိမ်အား အဆင့်သတ်မှတ်ချက် (A) အဆင့်တွင်ရှိပါသည်။

အိမ်ထောင်စု (၃၀၀) ခန့်သည် ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ လယ်ဧက (၂) ဧကကျော်၊ ရက်ကန်း၊ လယ်ယာမြေ (ကေးနည်း) ဈေးရောင်း၊ မွေးမြူရေး လုပ်ကိုင်ကြပြီး နေအိမ်အား အဆင့်သတ်မှတ်ချက် (B) အဆင့်တွင်ရှိပါသည်။

ကျန် အိမ်ထောင်စု (၈၃၇) စုခန့်သည် ဝါးအိမ်၊ ထရံကာဖြင့် မိုးမိုး နေထိုင်ပြီး ကျပန်းအလုပ် လုပ်ကိုင်ပြီး ဆင်းရဲနွမ်းပါးမှု မြေယာမဲ့များ ဖြစ်ကြသည်။ နေအိမ်အား အဆင့်သတ်မှတ်ချက် (C) အဆင့်တွင်ရှိပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ စိုက်ပျိုးရေး နည်းပညာ ချို့တဲ့ခြင်း၊ စိုက်ပျိုးမြေ နည်းပါးခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီစက်ကရိယာများ အသုံးမပြုနိုင်ခြင်း၊ အသိပညာနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပါးခြင်းတို့ကြောင့် ဖြစ်သည်။ လူငယ်အများစုသည် နိုင်ငံခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြသဖြင့် ပညာသင်ခွင့်များ ဆုံးရှုံးခြင်း၊ ဖွံ့ဖြိုးမှုကို နှောင့်နှေးစေပြီး နွမ်းပါးသူများ များပြားလာစေသည့် အကြောင်းအရင်း ဖြစ်လာသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



အချက် (၁၀) ချက် သတ်မှတ်ကာ ဆွေးနွေးဆန်းစစ်သုံးသပ်ခဲ့သည်။

၁။ အလုပ်အကိုင်အခွင့်အလမ်း

အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိကြသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို တစ်နေကုန်နီးပါး လုပ်ကိုင်နေရခြင်း၊ ရှိနေနိုင်ပြီးသော အလုပ်အကိုင်များသည် အမျိုးသမီးများထက် အမျိုးသားများကိုသာ အားသာနေရဖြင့် ရှေးရိုးအယူအဆများ ရှိသည်တို့ကြောင့် ဖြစ်သည်။

၂။ ခေါင်းဆောင်မှု

ရပ်ရွာအရေးကိစ္စများတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုသည်။ အကြောင်းအရင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့် အချိန်ကုန်နေခြင်း၊ အမျိုးသားများကို အားကိုးအားထားပြုခြင်း၊ အမျိုးသားများ၏ ခေါင်းဆောင်မှုကို ရှေးရိုးအစဉ်အလာတစ်ခုအနေဖြင့် လက်ခံကျင့်သုံးနေခြင်း၊ ပြင်ပဗဟုသုတ နည်းပါးခြင်း၊ မိမိကိုယ်ကို ယုံကြည်မှု အားနည်းခြင်း၊ ပံ့ပိုးကူညီမှု အားနည်းခြင်းတို့ကြောင့် ဖြစ်သည်။

၃။ ဝင်ငွေရရှိမှု

ဝင်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက် ပိုမိုသောကြောင့် ဝင်ငွေပို ရှာနိုင်ကြသည်။ လုပ်အားခရရှိမှု အပိုင်းတွင်လည်း လုပ်အားအတွက် အချိန်ပေးမှုသည် အမျိုးသားနှင့် အမျိုးသမီး တန်းတူဖြစ်သော်လည်း လုပ်ငန်းအားလုံးနီးပါးတွင် လုပ်အားခငွေ ရရှိမှုတွင် အမျိုးသမီးများထက် အမျိုးသားများက ပိုမိုရရှိကြသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စလုပ်ငန်းများကို တစ်နေကုန်နီးပါး လုပ်ကိုင်နေကြရသည်။ အချို့သော အမျိုးသမီးများမှာမူ အမျိုးသားများသည် ဝင်ငွေရှာဖွေသူ၊ အမျိုးသမီးများမှာ အိမ်တော်ထိန်းသိမ်းသူ ဟူသော ရှေးရိုးအစဉ်အလာကို လက်ခံထားကြသည်။

(၈) ရပ်ရွာရေးကိစ္စများတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်

အမျိုးသားအများစုသည် အလုပ်အကိုင်အခွင့်အလမ်းနှင့်ဝင်ငွေရှာဖွေမှုတို့တွင်အမျိုးသမီးများထက် ပို၍ပြီး ဦးဆောင်လုပ်ဆောင်နေရခြင်း၊ အမျိုးသားများ သာဦးဆောင်လုပ်နေသော အစဉ်အလာရှိနေခြင်း၊ အမျိုးသမီးများသည် အိမ်မှု ကိစ္စများတွင်သာ တစ်နေကုန် အချိန်ကုန်နေရခြင်း၊ ပညာဗဟုသုတ နည်းပါးခြင်း အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုနည်းပါးခြင်း တို့ကြောင့် ရပ်ရွာအရေးကိစ္စများတွင်အမျိုးသားများသည်သာပို၍ပါဝင်ပြီး ဆုံးဖြတ်ချက်ချခွင့်ရှိကြသည်


(၉) အရင်းအမြစ်များစီမံခန့်ခွဲခွင့်

အရင်းအမြစ်များ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှမှုရှိသည်။ အကြောင်းမှာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် ဆက်စပ်မှုရှိသည်။ အမျိုးသားသည်ဝင်ငွေရှာဖွေရရှိလာသောငွေများကိုအမျိုးသမီးများက စီမံခန့်ခွဲထိန်းသိမ်းပေးကြသည်၊ ထို့ကြောင့် အရင်းအမြစ်များ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် အတူတကွ စီမံခန့်ခွဲဆုံးဖြတ်ကြသည်။

(၁၀) ရပ်ရွာရေးကိစ္စများတွင် ပါဝင်ခွင့်

ရပ်ရွာရေးကိစ္စများတွင်အမျိုးသမီးများသည်အမျိုးသားများ နှင့် တန်းတူပါဝင်ခွင့်ရကြသည်၊ အကြောင်းအရင်းမှာ အမျိုးသားများသည် ကောင်းမွန်စွာခေါင်းဆောင်နိုင်သကဲ့သို့ အမျိုးသမီးများသည်ကောင်းစွာစီမံခန့်ခွဲနိုင်ကြသည်၊ အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ပိုမိုကောင်းမွန်လာသည် ဟုလက်ခံလာကြသောကြောင့် ဖြစ်သည်။

## ၆.၅ ရာသီခွင်ပြဇယား



ရာသီဥတုအခြေအနေမှာ ပြာသို၊ တပို့တွဲ လများတွင် ပူပြင်းပြီး တပေါင်းလနှင့်တန်ခူးလများတွင်အလွန် ပူပြင်းသည်၊ ကဆုန်လနှင့်နယုန်လများတွင် မိုးအနည်းငယ်ရွာသွန်းပြီး ဝါဆိုလနှင့်ဝါခေါင်လများတွင် မိုးပိုမိုရွာသွန်းသည်။ တော်သလင်းလတွင်မိုးနည်းလာပြီး သီတင်းကျွတ်လတွင် ဆီးနှင်းအနည်းငယ်ကျသည်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် ဆီးနှင်းများကျသည်။


ကဆုန်လ၊ နယုန်လ၊ တန်ဆောင်မုန်းလနှင့် နတ်တော်လများတွင် ရာသီဥတုအကူးအပြောင်းကြောင့် ကျန်းမာရေးချို့တဲ့ကြသည်။


တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကျေးရွာဘုရားပွဲများမှာ ဝါဆိုလ၊ သီတင်းကျွတ်လများဖြစ်သည်၊ ဝါဆိုလတွင်မုန့်အစ်ကျ၊ သီတင်းကျွတ်လတွင် အသားအစ်ကြသည့်ပွဲတော်များရှိသည်။ နွေရာသီဖြစ်သော တပေါင်းလနှင့် တန်ခူးလများတွင် အလွန်ပူပြင်းမှုကြောင့် ရေအနည်းငယ်လျော့ကျသည်၊ ရေရှားပါးမှုမရှိပါ။

လယ်ယာလုပ်ငန်းအနေဖြင့် တန်ခူးလနှင့်ကဆုန်လတို့တွင်ထွန်ယက်ကြပြီး နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လတို့တွင်ကောက်စိုက်ကြကာ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင်ရိတ်သိမ်းကြသည်။ လယ်ယာလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုသည့်အိမ်ထောင်စုများအနေဖြင့် သီတင်းကျွတ်လနှင့်တန်ဆောင်မုန်းလတွင်ဝင်ငွေများပြီး [illegible] ငွေရေးအဆင်ပြေကြသည်၊ ရာဘာခြံလုပ်ငန်းလုပ်ကိုင်ကြသူများသည် မိုးများသော နယုန်၊ ဝါဆို၊ ဝါခေါင် လများမှလွဲ၍ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပေါင်း၊ တန်ခူးထိ ရာဘာစေးခြစ်ကြသည်၊ တပို့တွဲလသည် ရာဘာရွက်ကြွေချိန်ဖြစ်၍ ရာဘာစေးခြစ်မှုကိုရပ်နားထားရသည်၊ ရာဘာခြံလုပ်ငန်းလုပ်ကိုင်သူများသည် လယ်ယာလုပ်ငန်းလုပ်ကိုင်သူများထက် ဝင်ငွေပိုမိုရရှိကြသည်။ တစ်ချို့သူများသည်ကျပန်းလုပ်ကိုင်ကြသည်။

အခြားအရပ်ဒေသနှင့်နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများရှိပါသည်၊ ကျပန်းလုပ်ကိုင်သူများသည် တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြရသော်လည်း ဝင်ငွေ၊ ထွက်ငွေ မညီမျှခြင်း၊ ကုန်ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့် နွမ်းပါးသူများဖြစ်ကြောင်းသိရသည်။

## ၆.၇ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ | ဖွဲ့စည်းသည့် ရက်စွဲ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီအမည် | ရာထူး |
|---|---|---|---|---|---|
| ၁ | သကျော | သကျော | ၁၃-၇-၂၀၂၀ | ဦးမြမောင် | ဥက္ကဋ္ဌ |
| ၂ | | | | ဒေါ်နီနီဦး | အတွင်းရေးမှူး |
| ၃ | | | | ဒေါ်ခင်ဝင်း | ဥက္ကဋ္ဌ |
| ၄ | | | | ဦးစိုးနိုင် | ဘဏ္ဍာရေးမှူး |
| ၅ | | | | ဦးသန်းဝင်း | စာရင်းကိုင် |
| ၆ | | | | ဒေါ်ချိုချိုဆန်း | အဖွဲ့ဝင် |
| ၇ | | | | ဒေါ်အင်ကြင်းမွှန် | အဖွဲ့ဝင် |
| | စုစုပေါင်း | | | (၇)ဦး | |
| | | | | | |

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့် အခက်အခဲအတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာအတွင်း အဆင့်မြှင့်တင်ရန် လိုအပ်သော မြေသားလမ်းများ ရှိနေသေးခြင်း |
| ၂ | ကျား/မ | လျှပ်စစ်မီး အိမ်တိုင်းမရရှိသေးခြင်း |
| ၃ | ကျား/မ | ကျေးရွာတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးပေးခန်းမရှိသေးခြင်း |
| ၄ | ကျား/မ | ချောင်းများတိမ်ကော်နေသည့်အတွက် ရေစီးရေလာမကောင်းမွန်ခြင်း၊ ရေလျှံခြင်း |

## ၁၅။ ၂၀၂၀-၂၀၂၁ ခု နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာအတွင်းအခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ဆေးပေးခန်း ရှိပြီးဖြစ်ရမည်။ |
| ၂ | ကျား/မ | ရွာအတွင်းလမ်းများအားလုံး ကွန်ကရစ်ခင်းပြီးဖြစ်ရမည်။ |
| ၃ | ကျား/မ | ရွာအတွင်းလမ်းများအားလုံး ကွန်ကရစ်ခင်းပြီးဖြစ်ရမည်။ |
| ၄ | ကျား/မ | ကျေးရွာအတွင်းရှိ ချောင်းများ၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရမည်။ |

## ၁၆။ ကျေးရွာမှ အဆိုပြုထားသည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အထောက်ကူပြုသင်တန်းများ

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှထောက်ပံ့မည့်သူ |
|---|---|---|---|---|---|
| အသက်မွေး ဝမ်းကြောင်း သင်တန်းများ | ၁ | ကွန်ပျူတာသင်တန်း | ကျား/မ | | |
| | ၂ | မွေးမြူရေးသင်တန်း | ကျား/မ | | |
| | ၃ | အိမ်တွင်းလက်မှုသင်တန်း | ကျား/မ | | |
| | ၄ | အင်္ဂလိပ်စာသင်တန်း | ကျား/မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများ ရရှိပြီး သော်လည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အရင်းအနှီးမတည်ငွေ အခက်အခဲ ရှိနေ သေးသည့်အပြင် အချို့မှာအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် အဖွဲ့အစည်းများ အချင်း ချင်းချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။